Message Two

# ဘုရားသခင်၏အုပ်စိုးမှုအောက်၌ ခရစ်ယာန်အသက်တာကို အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ၁ပေ၊၁း၁၇။ ၂း၂၁-၂၄။ ၄း၁၇-၁၉။ ၅း၆

## I. ပေတရုပထမနှင့်ဒုတိယစာစောင်တို့သည် ဘုရားသခင်၏ စကြဝဠာဆိုင်ရာအုပ်စိုးမှုအကြောင်း ပြောထားသည်။

A. ပေတရုပထမစာစောင်၏ အကြောင်းအရာသည် ဘုရားသခင်၏အုပ်စိုးမှုအောက်၌ရှိသော ခရစ်ယာန်အသက်တာဖြစ်ပြီး၊ အထူးသဖြင့် ကိုယ်တော်၏ရွေးချယ်ခံလူများကို ဆက်ဆံဖြေရှင်းခြင်း၌ ဘုရားသခင်၏အုပ်စိုးမှုကို ပြသထားသည် - ၁း၂။

B. ပေတရုဒုတိယစာစောင်၏ အကြောင်းအရာမှာ ဘုရားဆိုင်ရာခွဲဝေစီမံမှုနှင့် ဘုရားဆိုင်ရာအုပ်စိုးမှုဖြစ်ပြီး၊ ဘုရားသခင်က ကျွန်ုပ်တို့ကို အုပ်စိုးနေစဉ်၊ ကျွန်ုပ်တို့လိုအပ်သမျှ ကိုယ်တော်ထောက်ပံ့မစပေးနေကြောင်း ပြသထားသည် - ၁း၁-၄။ ၃း၁၃။

C. ဘုရားသခင်သည် တရားစီရင်ခြင်းအားဖြင့် အုပ်စိုးသည်။ ဘုရားသခင်၏တရားစီရင်ခြင်းသည် ကိုယ်တော်၏အုပ်စိုးမှုကို သယ်ဆောင်ခြင်းအတွက်ဖြစ်သည် - ၁ပေ၊၁း၁၇။ ၄း၁၇။

1. ပေတရုပထမနှင့် ဒုတိယစာစောင်တို့သည် ဘုရားသခင်၏အုပ်စိုးမှုနှင့် ဆက်နွယ်နေသောကြောင့် ဤသြဝါဒစာစောင်များ၌ ဘုရားသခင်နှင့် သခင်ဘုရား၏ တရားစီရင်ခြင်းသည် အဓိကအခြေခံကျသော အချက်များမှ တစ်ခုအဖြစ် ထပ်ခါတလဲလဲ ရည်ညွှန်းထားလေသည် - ၁ပေ၊၂း၂၃။ ၄း၅-၆၊ ၁၇။ ၂ပေ၊၂း၃-၄၊ ၉။ ၃း၇။

2. အမျိုးမျိုးသော တရားစီရင်ခြင်းများမှတစ်ဆင့် သခင်ဘုရား ဘုရားသခင်သည် စကြဝဠာတစ်ခုလုံးကို ရှင်းလင်းကာ စင်ကြယ်စေမည်ဖြစ်သည်၊ သို့မှသာ ကိုယ်တော်သည် ကိုယ်တော်၏နှစ်သက်အားရခြင်းအဖို့ ကိုယ်တော်၏ဖြောင့်မတ်ခြင်းဖြင့် ပြည့်ဝနေသော စကြဝဠာအသစ်အတွက် ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ရရှိနိုင်မည်ဖြစ်သည် - အငယ်၊၁၃။

D. ခမည်းတော်အားဖြင့် စီရင်လုပ်ဆောင်သည့် ၁ပေတရု ၁း၁၇ ရှိ တရားစီရင်ခြင်းသည် အနာဂတ် တရားစီရင်ခြင်းမဟုတ်ဘဲ ကိုယ်တော်၏သားသမီးများကို ဘုရားသခင်၏ အုပ်စိုးမှုဆိုင်ရာ ဆက်ဆံဖြေရှင်းခြင်း၏ မျက်မှောက်ဖြစ်သော၊ နေ့စဉ်ဖြစ်သော တရားစီရင်ခြင်းဖြစ်သည်။

1. ခမည်းတော်သည် ကျွန်ုပ်တို့ကို အသစ်မွေးဖွားပြီး သန့်ရှင်းသောမိသားစု - သန့်ရှင်းသောခမည်းတော်နှင့် သန့်ရှင်းသော သားသမီးများကို ထုတ်လုပ်ခဲ့သည် - အငယ်၊၃၊ ၁၅၊ ၁၇။

2. သန့်ရှင်းသောသားသမီးများအဖြစ် ကျွန်ုပ်တို့သည် သန့်ရှင်းသော အသက်တာအပြုအမူ၌ လျှောက်လှမ်းသင့်ပါသည် (အငယ်၊၁၅-၁၆)။ ထိုသို့မဟုတ်လျှင် ခမည်းတော်ဘုရားသခင်သည် ကိုယ်တော်၏တရားစီရင်ခြင်း၌ တရားသူကြီးဖြစ်လာမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ မသန့်ရှင်းခြင်းကို ဆက်ဆံဖြေရှင်းလိမ့်မည်ဖြစ်သည် (၄း၁၅-၁၇။ ဟေဗြဲ၊၁၂း၉-၁၀)။

E. ဘုရားသခင်၏တရားစီရင်ခြင်း၌ ဆုံးမခြင်းဆိုင်ရာ တရားစီရင်ခြင်းသည် ဘုရားသခင်၏ အိမ်တော်မှ အစပြုသည် - ၁ပေ၊ ၄း၁၇။

1. ဘုရားသခင်သည် ကိုယ်တော်၏အုပ်စိုးမှုနှင့် ကိုက်ညီမှုမရှိသော အရာခပ်သိမ်းကို တရားစီရင်တော်မူသည်။ ထို့ကြောင့် ဤခေတ်၌ ဘုရားသခင်၏သားသမီးများဖြစ်သည့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ နေ့စဉ် တရားစီရင်ခြင်းအောက်၌ ရှိကြသည် - ၁း၁၇။

2. ဘုရားသခင်သည် ကိုယ်တော်၏ အုပ်စိုးမှုဆိုင်ရာ စီမံခန့်ခွဲခြင်း၏ တရားစီရင်ခြင်း၌ ယုံကြည်သူများကို ဆက်ဆံဖြေရှင်းရန် အလွန်ပူပြင်းသော ဒုက္ခဆင်းရဲများကို အသုံးပြုသည်၊ ယင်းမှာ ကိုယ်တော်တိုင်၏အိမ်တော်မှ အစပြုသည် - ၄း၁၂၊ ၁၇။

3. ဤတရားစီရင်ခြင်း၏ အကြံအစည်မှာ ကျွန်ုပ်တို့သည် ဝိညာဉ်၌ ဘုရားသခင်အတိုင်း အသက်ရှင်ကြရန်ဖြစ်သည် - အငယ်၊၆။

**II. ပေတရု၏ရေးသားချက် အဖိုးထိုက်တန်မှုမှာ သူက ခရစ်ယာန်အသက်တာနှင့် ဘုရားသခင်၏အုပ်စိုးမှုကို အတူပေါင်းထားပြီး၊ ခရစ်ယာန်အသက်တာနှင့် ဘုရားသခင်၏အုပ်စိုးမှုသည် အတွဲတစ်တွဲအဖြစ် အတူတကွ သွားနေကြောင်း ဖွင့်ပြထားသည် - ၁ပေ၊၁း၁၇။ ၂း၂၁၊ ၂၄။ ၃း၁၅။ ၄း၁၇။ ၅း၅-၈။**

A. သုံးပါးတစ်ပါးဘုရားသည် ခရစ်တော်၌ ရှည်လျားသည့် ဖြစ်စဉ်ကို ဖြတ်ကျော်ခဲ့ပြီး၊ ကျွန်ုပ်တို့၌ကိန်းဝပ်ရန် အသက်ပေးသောဝိညာဉ်တော် ဖြစ်လာခဲ့သည်။ ဤအရာသည် ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာအတွက် ဖြစ်သည် - ယော၊၁း၁၄။ ၁၄း၁၇။ ၁ကော၊၁၅း၄၅ခ။ ဗ်း၁၇။

B. တစ်ချိန်တည်းမှာပင် သုံးပါးတစ်ပါးဘုရားသည် စကြဝဠာ၏ ဖန်ဆင်းရှင်နှင့် အစိုးရသူ ဖြစ်နေဆဲ ဖြစ်သည် - ၁ပေ၊၄း၁၉။

C. ကျွန်ုပ်တို့သည် ဝိညာဉ်ဆိုင်ရာအသက်ရှိရန်နှင့် ဖန်ဆင်းခြင်းအသစ်ဖြစ်ရန် ဘုရားသခင်၏ မွေးဖွားခြင်း ခံရပြီးဖြစ်သော်လည်း၊ ကျွန်ုပ်တို့သည် ဖန်ဆင်းခြင်းအဟောင်း၌ ရှိနေဆဲဖြစ်သည် - ယော၊၁း၁၂-၁၃။ ၃း၃၊ ၅-၆။ ၂ကော၊၅း၁၇။

1. ဤအတွက်ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အုပ်စိုးမှုဆိုင်ရာ ဆက်ဆံဖြေရှင်းခြင်းများကို လိုအပ်နေသည် - ၁ပေ၊၁း၁၇။

2. ခရစ်ယာန်အသက်တာ ကြီးထွားလာရန်အဖို့အလို့ငှာ ကျွန်ုပ်တို့သည် ဘုရားသခင့်အုပ်စိုးမှု၏ စီရင်ဆုံးမခြင်းကို လိုအပ်သည် - ၂း၂။ ၄း၁၇။ ၂ပေ၊၁း၅-၇။

**III. သခင်ယေရှုသည် မြေကြီးပေါ်ရှိစဉ်က ကိုယ်တော်သည် ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် အကြွင်းမဲ့ရှိသော လူသားအသက်တာကို အသက်ရှင်ခဲ့ကာ၊ ကိုယ်တော်နှင့်ဆက်နွယ်သည့် အရာခပ်သိမ်းကို ဘုရားသခင်၏အုပ်စိုးမှုသို့ အပ်နှံထားခဲ့သည် - ယော၊၆း၃၈။ ၁ပေ၊၂း၂၁-၂၃။**

A. သခင်ဘုရားသည် သူခံရသော စော်ကားခြင်းများနှင့် နစ်နာခြင်းများအားလုံးကို ကိုယ်တော်၏အုပ်စိုးတော်မူခြင်း၌ ဖြောင့်မတ်စွာ စီရင်သောသူ တည်းဟူသော ဖြောင့်မတ်သည့် ဘုရားသခင်ထံ အစဉ်အပ်နှင်းခဲ့သည်၊ ကိုယ်တော်သည် ထိုဘုရားသခင်ထံ မိမိကိုယ်ကို အပ်နှံခဲ့ပြီး၊ ထိုဖြောင့်မတ်သော ပုဂ္ဂိုလ်၌ ကိုးစားခဲ့ကာ ကိုယ်တော်၏အုပ်စိုးခြင်းကို သိမှတ်နားလည်ခဲ့သည် - အငယ်၊ ၂၃။

B. ဘုရားသခင်သည် လူဖြစ်သော ခရစ်တော်ကို အကြံပေးသောအခါ၊ ခရစ်တော်၏ အတွင်းအစိတ်အပိုင်းများသည် ဘုရားသခင်နှင့်အတူ တစ်လုံးတစ်ဝတည်းရှိခဲ့ပြီး၊ ဘုရားသခင်နှင့်အတူ ဆက်သွယ်ခြင်းမှတစ်ဆင့် သွန်သင်ပြသခံရသည် - ဆာ၊ ၁၆း၇။ ဟေရှာ၊၅၀း၄။

**IV. ခရစ်တော်၌ ယုံကြည်သူများနှင့် ဘုရားသခင်၏သားများအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏အုပ်စိုးမှုအောက်၌ ခရစ်ယာန်အသက်တာကို အသက်ရှင်သင့်သည် - ယော၊၃း၁၅။ ၁း၁၂-၁၃။ ၁ပေ၊၄း၁၃-၁၉။ ၅း၆-၈။**

A. ပေတရု၏စာစောင်များသည် ဆင်းရဲဒုက္ခများမှတစ်ဆင့် စီမံခန့်ခွဲသော ဘုရားသခင်၏ အုပ်စိုးခြင်းဆိုင်ရာ ဆက်ဆံဖြေရှင်းခြင်းများကို ယူဆောင်ရန် ကျွန်ုပ်တို့အား တတ်စွမ်းစေသော ခရစ်တော်ကို ဖွင့်ပြထားသည် - ၁ပေ၊၁း၆-၈။ ၂း၃-၄၊ ၁၉၊ ၂၁-၂၅။ ၃း၁၈၊ ၂၂။ ၄း၁၊ ၁၅-၁၆။ ၅း၈-၉။

B. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လှည့်လည်သွားလာခြင်းအချိန်ကာလကို သန့်ရှင်းသောကြောက်ရွံ့ခြင်း၌ ဖြတ်ကျော်သင့်သည်၊ ဤသည်မှာ ကျွန်ုပ်တို့၏ အသက်တာအပြုအမူအားလုံး၌ သန့်ရှင်းဖို့ ကျွန်ုပ်တို့ကို ဦးဆောင်ရန်အလို့ငှာ ကောင်းမွန်သော၊ လေးနက်သော အခြေအနေ၌ ဖြစ်သည် - ၁း၁၅၊ ၁၇။

C. ကျွန်ုပ်တို့သည် ဘုရားသခင်၏အုပ်စိုးမှုကို သယ်ဆောင်သော ဘုရားသခင်၏ တန်ခိုးကြီးသည့် လက်တော်အောက်၌ နှိမ့်ချမှုရှိသင့်သည် - ၅း၆။

1. အပိုဒ်ငယ် ၆ ရှိ *တန်ခိုးကြီးသော လက်တော်* သည် ကိုယ်တော်၏စီရင်ခြင်း၌ အထူးသဖြင့် မြင်တွေ့ရသည့် ဘုရားသခင်၏ စီမံခန့်ခွဲသော လက်တော်ကို ရည်ညွှန်းသည် - ၁း၁၇။ ၄း၁၇။

2. တန်ခိုးကြီးသော လက်တော်အောက်၌ နှိမ့်ချခြင်းရှိရန်မှာ ဘုရားသခင်အားဖြင့် နှိမ့်ချစေခြင်း ဖြစ်သည်၊ သို့သော်လည်း ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပြုပြင်လုပ်ဆောင်ခြင်း၌ ပူပေါင်းပါဝင်ပြီး၊ ကိုယ်တော်၏တန်ခိုးကြီးသော လက်တော်၌ နှိမ့်ချသော၊ ဖြည်းညှင်းသော သဘောရှိလိုသည့် ဆန္ဒရှိရမည် ဖြစ်သည် - ၅း၆။

D. ကျွန်ုပ်တို့သည်  ကျွန်ုပ်တို့၏စိတ်များကို သစ္စာနှင့်ပြည့်စုံသော ဖန်ဆင်းရှင်ထံ အပ်နှံသင့်ပါသည် - ၄း၁၉။

1. ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်ကို စောင့်ထိန်းနိုင်ပြီး၊ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာနှင့် သစ္စာရှိခြင်းသည် ကိုယ်တော်၏အုပ်စိုးခြင်းဆိုင်ရာ စီမံခန့်ခွဲခြင်း၌ ဖြောင့်မတ်မှန်ကန်စွာ ကြည့်ရှုဂရုစိုက်ပေးနေသည်။

2. ဘုရားသခင်သည် သူ၏အုပ်စိုးခြင်း၌ ကျွန်ုပ်တို့ကို စီရင်နေစဉ်၊ ကိုယ်တော်သည် သူ၏ချစ်ခြင်းမေတ္တာ၌ ကျွန်ုပ်တို့ကို သစ္စာရှိစွာ ဂရုစိုက်ပေးနေသည်၊ ကျွန်ုပ်တို့ ကိုယ်တော်၏ ဆုံးမခြင်းဆိုင်ရာ စီရင်ခြင်းကို ခံစားရသောအခါ၊ ကျွန်ုပ်တို့၏ စိတ်များကို ဖန်ဆင်းရှင်၏ သစ္စာစွာ ဂရုစိုက်ပေးခြင်း၌ အပ်နှံထားသင့်ပါသည် - မ၁၀း၂၈။ ၁၁း၂၈-၂၉။

E. ခရစ်တော်၏အသေခံခြင်း၌ ကျွန်ုပ်တို့သည် အပြစ်များထံသို့ သေခဲ့ပြီးဖြစ်သည်၊ သို့မှသာ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏အုပ်စိုးမှုအောက်ရှိ ဖြောင့်မတ်ခြင်းသို့ အသက်ရှင်နိုင်လိမ့်မည်ဖြစ်သည် - ၁ပေ၊၂း၂၄။

1. ဘုရားသခင်၏အုပ်စိုးခြင်းသည် ဖြောင့်မတ်ခြင်းအပေါ်တွင် တည်ဆောက်ထားသည် (ဆာ၊၈၉း၁၄က)၊ ကိုယ်တော်၏ အုပ်စိုးမှုအောက်တွင် အသက်ရှင်ကြသော ဘုရားသခင်၏လူများဖြစ်သည့် ကျွန်ုပ်တို့သည် ဖြောင့်မတ်သော အသက်တာကို အသက်ရှင်ရမည်ဖြစ်သည်။

2. *ဖြောင့်မတ်ခြင်းသို့ အသက်ရှင်ခြင်း* ဟူသောဖော်ပြချက်မှာ ဘုရားသခင်၏ အုပ်စိုးခြင်းဆိုင်ရာ တောင်းဆိုမှုကို ပြည့်စုံစေခြင်းနှင့် ဆက်နွယ်နေသည် - ၁ပေ၊ ၂း၂၄။

a. ကျွန်ုပ်တို့သည် ကယ်တင်ခံရကြသည်၊ သို့မှသာ ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင် မှန်ကန်စွာ အသက်ရှင်နိုင်မည်၊ ဆိုလိုသည်မှာ ကိုယ်တော့်အုပ်စိုးခြင်း၏ ဖြောင့်မတ်သော တောင်းဆိုမှုများနှင့် ကိုက်ညီသော နည်းလမ်း၌ရှိရမည် ဖြစ်သည်။

b. ခရစ်တော်၏အသေခံခြင်း၌ ကျွန်ုပ်တို့သည် အပြစ်များမှခွဲခြားခံခဲ့ရကြပြီး၊ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့ကို ပြည်လည်ရှင်သန်စေခဲ့ပြီဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာ၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အုပ်စိုးခြင်းအောက်တွင် ဖြောင့်မတ်ခြင်းသို့ အလိုအလျောက် အသက်ရှင်နိုင်မည်ဖြစ်သည် - ရော၊ ၆း၈၊ ၁၀-၁၁၊ ၁၈။ ၈၊၂း၆။ ယော၊၁၄း၁၉။ ၂တိ၊ ၂း၁၁။

*© 2024 Living Stream Ministry*